# အန္တရာယ်ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်း

## - ပေါင်းစည်းလုပ်ငန်းအဖွဲ့၏ လမ်းညွှန်

### အန္တရာယ်ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲရန်အစီအစဉ်ရေးဆွဲခြင်း

ပေါင်းစည်းလုပ်ငန်းအဖွဲ့အနေဖြင့် ကျွန်ုပ်တို့၏စီမံကိန်းများအတွက် ကြုံတွေ့လာရနိုင်ဖွယ်ရှိသည့် အန္တရာယ်များအား ဖေါ်ထုတ်ရန်နှင့် စီမံခန့်ခွဲသွားနိုင်ရန်အတွက် ပြင်းပြသော ဆန္ဒပြုချက်ရှိပါသည်။ ရန်ပုံငွေလျှောက်ထားသူ၏ ကြုံတွေ့လာနိုင်သောအန္တ ရာယ်များအပေါ် နားလည်ထားရှိမှုနှင့် လက်ခံနိုင်လောက်သော အဆင့်အနေအထားထိ လျှော့ချနိုင်မှုသည် PSF အနေဖြင့် ရန်ပုံငွေ ပံ့ပိုးရန်စဉ်းစားရာတွင် ကြီးစွာအထောက်အကူ ဖြစ်စေသည့်အချက် ဖြစ်ပါသည်။ စီမံကိန်းအကျဉ်းချုပ်မှတ်စုပုံစံတွင် သင့်အနေဖြင့် ရှင်းလင်းစွာဖေါ်ထုတ်ထားသည့် ကြုံတွေ့လာရနိုင်ဖွယ်ရှိသည့် အန္တရာယ်များ၊ ၎င်းတို့၏အဆင့်သတ်မှတ်ချက်များ၊ လျှော့ချမည့်သင်၏နည်းလမ်းများနှင့် ကျန်ရှိသည့် အခြေအနေပေါ် ပြန်လည်အဆင့်သတ်မှတ်ပေးမှုတို့အား ဖေါ်ပြပေးနိုင်ရန်မျှော်လင့်ပါသည်။ ပိုမိုအသေးစိတ်ကျသော လေ့လာဆန်းစစ်မှုများအား Excel ပုံစံဖြင့် အဆိုပြုလွှာ အပြည့်အစုံတွင်ဖေါ်ပြရန်ဖြစ်ပါသည်။ကျွန်ုပ်တို့၏ ကြုံတွေ့လာရနိုင်ဖွယ်ရှိသည် အန္တရာယ်များစီမံခန့်ခွဲမှုသည် ISO31000 စံသတ်မှတ်ချက်နှင့်အညီ ဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများသည် -

၁။ စီမံချက်နှင့်ပတ်သတ်လာနိုင်သည့် ကြုံတွေ့လာရနိုင်ဖွယ်ရှိသည့် အန္တရာယ်များကို **ဖေါ်ထုတ်ပါ။**

၂။ အဆိုပါအန္တရာယ်၏ ဖြစ်လာနိုင်ခြေကို **အမှတ်ပေးကြည့်ပါ။** (သင်၏ထိန်းချုပ်မှုမှလွတ်ကင်းနေသည် ဆိုသော်ငြားလည်း အမှတ်ပေးကြည့်နိုင်ပါသည်။)

၃။ အဆိုပါ အန္တရာယ်များကြောင့် ကြုံတွေ့လာနိုင်သည့် အကျိုးဆက်များအား **အမှတ်ပေးပါ။**

၄။ အားလုံးကိုခြုံငုံ၍ လျှော့ချမည့်နည်းလမ်းများအား ထည့်သွင်းစဉ်းစားခြင်းမပြုမီ **အမှတ်ပေးအဆင့်သတ်မှတ်ခြင်းလုပ်ပါ။**

၅။ ပြီးနောက် အဆိုပါအန္တရာယ်များအားလျှော့ကျစေရန်သင်ဆောင်ရွက်မည့်အစီအစဉ်များအား **အကျဉ်းချုံးဖေါ်ပြပေးပါ။**

၆။ နောက်ဆုံးတွင် လျှော့ချမည့်နည်းလမ်းများအားထည့်သွင်းစဉ်းစားပြီးနောက် ကျန်ရှိသည့်အခြေအနေပေါ် **ပြန်လည်အမှတ်ပေးအဆင့်သတ်မှတ်**ခြင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

ကျန်ရှိသော ကြုံတွေ့လာနိုင်သည့် အန္တရာယ်များအပေါ် အဆင့်သတ်မှတ်ချက် အလယ်အလတ်, မြင့်မားသည် or **အလွန်မြင့်မားသည်** ရရှိမှ သာလျှင် အောက်ဖေါ်ပြ အကြံပြုထားသည့် Excel ပုံစံဖြင့်ဖေါ်ပြပေးရန်လိုပါမည်။

| အန္တရာယ်ကျရောက်နိုင်ခြေ | အန္တရာယ်ကျရောက်နိုင်ခြေအားဆန်းစစ်ခြင်း (မကုစားမီ) | | | | လျှော့ချရန်ဆောင်ရွက်မည့်နည်းလမ်းများ | ကုစား ပြီးနောက်ကျန်ရှိမည့် အခြေအနေအား အဆင့်ပြန်သတ်မှတ်ခြင်း |
|---|---|---|---|---|---|---|
| | ဖြစ်နိုင်ခြေ (ခြိမ်းခြောက်မှု/အန္တရာယ် +ဘေးကျရောက်လွယ်မှု/ထိတွေ့မှု | အကျိုးဆက် | မကုစားမီအခြေအနေတွင် အဆင့်သတ်မှတ်ခြင်း | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အဆင့်သတ်မှတ်ခြင်းအတွက် စံညွှန်းများမှာအောက်ပါအတိုင်းပင်ဖြစ်ပါသည်။

| | | | အကျိုးဆက်အတွက် အဆင့်သတ်မှတ်ရန် စံသတ်မှတ်ချက်များ | | | | |
|---|---|---|---|---|---|---|---|
| | | | ၁။ ပြောပလောက် အောင် ထိခိုက်မှု မရှိပါ | ၂။ အနည်းငယ်ထိခိုက်နိုင်သည် | ၃။ အတန်အသင့် ထိခိုက်နိုင်သည် | ၄။ များစွာထိခိုက်နိုင်သည် | ၅။ ဆိုးရွားစွာထိခိုက်သည် |
| ဖြစ်နိုင်ခြေ | အသေချာဖြစ်လာမည် | အကျိုးဆက်သည် အခြေအနေ အများစုတွင် သေချာပေါက်ဖြစ်လာလေ့ရှိသည် | အလယ်အလတ် (M) | မြင့်မားသည် (H) | မြင့်မားသည် (H) | အလွန်မြင့်မားသည် (E) | အလွန်မြင့်မားသည် (E) |
| | ဖြစ်နိုင်သည် | အကျိုးဆက်သည် မကြာခဏဖြစ်ပေါ်လေ့ရှိသည် | အလယ်အလတ် (M) | အလယ်အလတ် (M) | မြင့်မားသည် (H) | မြင့်မားသည် (H) | အလွန်မြင့်မားသည် (E) |
| | ဖြစ်ကောင်းဖြစ်လာနိုင်သည် | အကျိုးဆက်သည် တခါတရံ ဖြစ်ပေါ်လာနိုင်ခြေရှိသည်။ | နည်းပါးသည် (L) | အလယ်အလတ် (M) | မြင့်မားသည် (H) | မြင့်မားသည် (H) | မြင့်မားသည် (H) |
| | ဖြစ်နိုင်ခြေသိပ်မရှိ | အကျိုးဆက်သည် ဖြစ်ပေါ်ခဲသည် သို့သော် ဖြစ်ကောင်းဖြစ်နိုင်သည်။ | နည်းပါးသည် (L) | နည်းပါးသည် (L) | အလယ်အလတ် (M) | အလယ်အလတ် (M) | မြင့်မားသည် (H) |
| | ဖြစ်တောင့်ဖြစ်ခဲ | အကျိုးဆက်သည် ရှားပါးသော အခြေအနေတွင်သာဖြစ်လေ့ရှိသည်။ | နည်းပါးသည် (L) | နည်းပါးသည် (L) | အလယ်အလတ် (M) | အလယ်အလတ် (M) | မြင့်မားသည် (H) |

ရန်ပုံငွေရရှိပြီးသည့်နောက် အဆိုပါကြုံတွေ့နိုင်သော အန္တရာယ်များအားဆန်းစစ်မှုသည် သဘောတူညီထားသော အန္တရာယ်ကျရောက်နိုင်ချေ စီမံခန့်ခွဲအစီအစဉ်အတွက် အခြေခံဖြစ်လာမည်ဖြစ်ပြီး PSFသည် မိတ်ဖက်အဖွဲ့နှင့်အတူ ပူးတွဲသုံးသပ်မှုများပြုလုပ်သွားပါမည်။ PSF အနေဖြင့် သင်၏အဆိုပြုလွှာနှင့်စီမံကိန်းများတွင် ကောင်းမွန်သော အန္တရာယ်ကျရောက်နိုင်ချေစီမံခန့်ခွဲမှုအား နားလည်သဘောပေါက်စေရန်နှင့်အသုံးချနိုင်စေရန်အတွက် အကူညီပေးရန် အသင့် ရှိနေပါသည်။ PSF ၏ စီမံကိန်း အရာရှိတစ်ဦးဦးအားဆက်သွယ် အကူညီရယူနိုင်ပါသည်။